# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 23 , 2022 Volume 55, Number 17


**၂၃.၆.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၃၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၅၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၁၀၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၄၃.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၀.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၅၉.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၄.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၅.၇၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၈၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၉.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၁၂၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## နာနတ်သီး စတင်ထွက်ပေါ်သည့် ရာသီချိန်တွင် ဈေးကောင်းရရှိနေ



https://www.myawady.net.mm/node/27141

ရှမ်းပြည်နယ်မြောက်ပိုင်းမှ ထွက်ရှိသည့် နာနတ်သီးများ ယခုနှစ်စတင်ထွက်ပေါ်ချိန်တွင် ဈေးကောင်းရရှိနေကြောင်း နာနတ်သီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ၏ ပြောပြချက်အရ သိရသည်။

လက်ရှိတွင် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါ၊ လားရှိုး၊ ဆိုက်ခေါင်စသည့်ဒေသများမှ နာနတ်သီး ထွက်ရှိနေခြင်းဖြစ်ကာ လက်ကားဈေး တစ်လုံးလျှင် ငွေကျပ် ၆၀၀ မှ ၇၀၀ ဝန်းကျင်အထိ ဈေးနှုန်းရရှိနေခြင်းဖြစ်သည်။

ဒီနှစ်က စထွက်ကတည်းက ဈေးမဆိုးဘူး။ အရင်ကတော့ တရုတ်နိုင်ငံကို အဓိက တင်ပို့ခဲ့တာပါ။ အခုတော့ ပြည်တွင်းမှာပဲ အဓိကရောင်းချနေပါတယ်။ အထွက်များချိန်ဆိုရင် ဈေးကျသွားတတ်လို့ တရုတ်နိုင်ငံကို အရင်လို တင်ပို့နိုင်ရင်တော့ စိုက်ပျိုးသူတွေအတွက် ပိုအဆင်ပြေတယ်ဟု ရှမ်းပြည်နယ်မြောက်ပိုင်းမှ နာနတ်သီးစိုက်ပျိုးသူ ဦးစိုင်းလင်းကပြောသည်။

ယခင်က တရုတ်နိုင်ငံမှ တစ်ရက်လျှင် တန် ၃၀၀ မှ ၅၀၀ အထိ အဝယ်ရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ်မှစတင်ကာ တင်ပို့မှုများ ရပ်နားထားရကြောင်း သိရသည်။ တစ်နိုင်ငံလုံးတွင် နာနတ်စိုက်ဧက ၃၅၀၀၀ ခန့်ရှိပြီး သီပေါတွင် ၅၅ ရာခိုင်နှုန်း၊ လားရှိုးတွင် ၁၇ ရာခိုင်နှုန်း၊ တန့်ယန်း တွင် ၉ ရာခိုင်နှုန်း၊ ဆိုက်ခေါင် တွင် ၆ ရာခိုင်နှုန်း၊ မိုင်းကိုင်၊ နမ့်ဆန်နှင့် တခြား ဒေသများတွင် ၁၃ ရာခိုင်နှုန်းခန့်အထိ စိုက်ပျိုးထားကြောင်း၊ နာနတ်စိုက်ပျိုးသူများအနေဖြင့် တစ်ဧကစိုက်ပျိုးပါက အပင် ၆၀၀၀ မှ ၁၀၀၀၀ ကြားဆံ့ပြီး နည်းစနစ်သစ်နှင့် စိုက်ပျိုးပါက အပင် ၁၅၀၀၀ အထိ ဆံ့နိုင်၍ တစ်ဧကလျှင် ၂၈ တန်မှ တန် ၄၀ အထိ ထွက်ရှိနိုင်ကာ အပင်စိုက်ပြီး ၁၆ လမှ ၁၈ လအတွင်း အသီးစတင်ဆွတ်ခူးနိုင်ကြောင်း သိရသည်။

https://www.myawady.net.mm/node/27141

## မြစ်ကြီးနားမြို့၏ ဒူးရင်းသီးဈေးကွက်အခြေအနေ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ ဈေးများတွင် ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများမှ ဒူးရင်းသီးများ အဝယ်လိုက်ပြီးရောင်းအားကောင်းကြောင်းသိရှိရပါသည်။

ကချင်ပြည်နယ် အနေဖြင့် လွန်ခဲ့သည့် ၁၅ နှစ်ခန့်က ဒူးရင်းသီးများကို စားသုံးသူများ၏ လိုအပ်ချက်ရှိခဲ့သော်လည်း တစ်ခါတစ်ရံ ရန်ကုန်ဘက်သို့

ခရီးသွား၍ပြန်လာမှသာ ပါလာတတ်သဖြင့် အထူးတဆန်း စားသုံးကြရသည်။ ယခုအခါ လမ်းပန်းဆက်သွယ်ရေး၊ သတင်းအချက်အလက်ဆက်သွယ်ရေးတို့ ကောင်းမွန်လာမှုကြောင့် မြန်မာနိုင်ငံတွင် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ပြည်တွင်းကုန်သွယ်မှုများကို ဈေးကွက်လိုအပ်မှုအရ လျှင်မြန်စွာပြုလုပ်၍ရလာသည်ကို သိရှိလာကြရာ စိုက်ပျိုးရောင်းချသူများက စားသုံးသူများ၏ ဈေးကွက်လိုအပ်ချက်ကို သိရှိလာကြသဖြင့် ဧကတိုးချဲ့စိုက်ပျိုးလာကြပါသည်။ ယင်းကဲ့သို့ စိုက်ပျိုးရေးကို ရင်းနှီးမြှုပ်နှံသူများရှိလာသဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိစေခြင်း၊ စားသုံးသူများ၏ လိုအင်ဆန္ဒကို အနီးစပ်ဆုံး ဖြည့်ဆည်းပေးပို့ရာရောက်စေသဖြင့် ဝယ်ရောင်းကုန်သည်များလည်း အလုပ်နှင့်ဝင်ငွေရရှိစေပါသည်။

ပဲခူးမြို့မှ ဒူးရင်းသီးဝယ်ရောင်း လာရောက်လုပ်ကိုင်သူ ကိုမိုးကျော်၏ပြောပြချက်အရ ဒူးရင်းသီးအရွယ် အစားပေါ်မူတည်ပြီး ၇၀၀၀ ကျပ် ဖြင့်ဝယ်ရသည့် အသီးအား ၁၀၀၀၀ ကျပ်ဖြင့်ရောင်းချနေကြောင်း အချို့အသီးများမှာလည်း ပုတ်၍စွန့်ပြစ်ရသည်လည်းရှိကြောင်းသိရှိရပြီး၊ သုံးဘီးဆိုင်ကယ်ဖြင့် မြစ်ကြီးနားမြို့ပေါ်တွင် လှည့်ပတ်၍ရောင်းချနေသည်ကို သိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇဟိုဌာန**

## မန္တလေးတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် ငရုတ်သီးများ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် အရောင်းအဝယ်သွက်ပြီး ဈေးကောင်းရရှိ

မန္တလေးတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့်ငရုတ်သီးများ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် အရောင်းအဝယ်သွက်ပြီး ဈေးကောင်းရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြ၍သိရသည်။

အိမ်နီးချင်းနိုင်ငံတွင် ငရုတ်သီးလိုအပ်ချက်ရှိနေချိန်နှင့် ပြည်တွင်းငရုတ်သီးအထွက်နှုန်းလျော့နည်းချိန် တိုက်ဆိုင်နေသည့်အတွက် အရောင်းအဝယ်သွက်ပြီး ဈေးကောင်းရနေခြင်းဖြစ်ကြောင်း၊ ထိုသို့ ပြည်တွင်း၊ ပြည်ပဈေးကွက်အတွင်းသို့ ရောင်းချရာတွင် ငရုတ်သီးအခြောက်နှင့် ငရုတ်သီးအစိုအဖြစ် အမျိုးအစားနှစ်မျိုး ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပြည်ပမှာက ငရုတ်သီးလိုအပ်ချက် မြင့်တက်နေချိန်ဖြစ်နေတဲ့အချိန်နဲ့ ကျွန်မတို့ဆီကလဲ မြန်မာနိုင်ငံ အလယ်ပိုင်းက ငရုတ်ထွက်ချိန်နဲ့တိုက်ဆိုင်နေပါတယ်။ အခုကကျောက်ဆည်တစ်ဝိုက် ဝမ်းတွင်း၊ မြစ်သားဘက်က ငရုတ်ထွက်ချိန်ဆိုပေမဲ့ ဒီနှစ် အထွက်နည်းတော့ ဝယ်ယူမှုတက်ပေမဲ့ ရောင်းအားကျနေတော့ ဈေးအမြင့်ရတဲ့ကာလဖြစ်နေပါတယ်။ ငရုတ်ကတော့ နယ်စပ်ကုန်သွယ်ရေးကပဲ သွားနေတာဖြစ်ပါတယ်။ ငရုတ်သီးစိမ်းကတော့ နေပြည်တော်ပတ်ဝန်းကျင်ဘက်က ထွက်နေပါပြီ။ မုံရွာ၊ မကွေးတစ်ဝိုက်လဲ နည်းနည်းတော့ထွက်နေတယ်။ ပြည်ပကို တစ်နေ့ကိုအစိုကော အခြောက်ကော တွဲကားငါးစီးကနေ ဆယ်စီးထိတင်ပို့ နေပါတယ်" ဟု ဒေါ်ဥမ္မာကျော်က ပြောပြသည်။

ပြည်တွင်းငရုတ်သီးဈေးကွက်အတွင်း ငရုတ်သီးမှည့်အစို တစ်ပိဿာလျှင် အမျိုးအစားပေါ်မူတည်၍ ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ အတွင်းပေါက်ဈေးရှိပြီး ငရုတ်သီးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၃၅၀၀ အတွင်း ပေါက်ဈေးရှိကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မကွေးတိုင်းဒေသကြီးအတွင်း မတ်ပဲဈေးတရိပ်ရိပ်တက်

မတ်ပဲကို ပြည်တွင်းစားသုံးမှုအနေဖြင့် မရှိသလောက်နည်းသော်လည်း အိန္ဒိယနိုင်ငံမှ ဝယ်လိုအားများသည့်အပြင် အိန္ဒိယအစိုးရမှ မတ်ပဲ၊ ပဲစဉ်းငုံနှင့် ပဲတီစိမ်းအပါအဝင် မိုးသီးနှံတွေရဲ့ အနိမ့်ဆုံးနှုန်းထားများကို ထုတ်ပြန်လိုက်တဲ့အတွက် ဇွန်လပိုင်းလဆန်းမှစ၍ မတ်ပဲဈေးတက်ခဲ့ရာ ရှေ့ဆက်၍လည်း ဈေးတက်နိုင်ဖွယ်ရှိသေးကြောင်း ကုန်သည်များမှ ခန့်မှန်းထားတာကို တွေ့ရပါတယ်။

မတ်ပဲကို ပြည်တွင်းစားသုံးမှုမရှိသော်လည်း ပြည်ပတင်ပို့ရန်အတွက် အဓိကထားစိုက်ပျိုးကြပြီး ဈေးအနေဖြင့် ဇွန်လ ပထမပတ် (၁.၆.၂၀၂၂)ရက်နေ့တွင် မတ်ပဲ(၂၀)ပိဿာ(၁)တင်းလျှင် ကျပ်(၄၆၅၀၀)ဈေး၊ ဒုတိယပတ်(၁၅.၆.၂၀၂၂)ရက်နေ့တွင်

ကျပ်(၅၀၀၀၀)ဈေးရှိပြီး ယခုတစ်ပတ် (၂၂.၆.၂၀၂၂)ရက်နေ့တွင် မတ်ပဲ(၂၀)ပိဿာ(၁)တင်းလျှင် ကျပ်(၅၀၅၀၀)ဈေးအထိ တက်ကာ အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မေလအတွင်း ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပြောင်းတန်ချိန် ၂၅၄၉၃၀ တင်ပို့ရောင်းချနိုင်ခဲ့



Source: ရတနာပုံသတင်းစာ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မေလအတွင်း အမေရိကန်ဒေါ်လာ ၇၉ ဒသမ ၅၈ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၅၄၉၃၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံမှပြောင်းကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မေလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၉၅ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၃၈၃၀၀၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၃၈၅ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၁၆၆၃၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၉ ဒသမ ၅၈ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၅၄၉၃၀ တင်ပို့ရောင်းချခဲ့ကြောင်းသိရသည်။

ပြောင်းကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် ယခင်က ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ တင်ပို့ခွင့်ပြုထားခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ ပြောင်းနှင့်ပတ်သက်သည့် ကုန်ပစ္စည်းများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်း၊ လေကြောင်းလိုင်းနှင့်၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့မှ တင်ပို့ဆောင်ရွက်ရာတွင် ပို့ကုန်လိုင်စင်လျှောက်ထားပြီးမှသာတင်ပို့ခွင့်ပြုလျက်ရှိကြောင်းသိရသည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံသို့တင်ပို့နိုင်ရန် စစ်ဆေးခြင်းနှင့် ပိုးမွှား သဘောတူညီချက်ရရှိပြီးဖြစ်သဖြင့် ယခုနှစ်တွင် ပြည်ပသို့ ပြောင်းတင်ပို့လိုသည့် ကုမ္ပဏီများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ ပြောင်းဆန်တင်ပို့နိုင်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့(Working Task Force Office) သို့ အဆိုပြုလွှာများ တင်သွင်းခဲ့ကြရာ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း ကုမ္ပဏီ ၁၁၁ ခုနှင့် ပြောင်းလုပ်ငန်းရှင်များအသင်းက ကုမ္ပဏီ ၃၀ က အဆိုပြုလွှာများ တင်သွင်းထားကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ပုသိမ်မြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ ဇွန် ၂ ရက်မှ ၂၁ ရက်ထိ ဆန်အိတ် ၁၇၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ ဇွန် ၂ ရက်မှ ဇွန် ၂၁ ရက်ထိ ဆန်အိတ် ၁၇၀၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း ပုသိမ်မြို့ရှိ စံဆန်နှင့်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုစုစံက ပြောပြ၍သိရသည်။

ပုသိမ်မြို့နယ်ရှိ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲ၍ ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ ကုန်တင်ကား၊ ကုန်တင်သင်္ဘောများဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပုသိမ်မြို့နယ်တွင် မေလအတွင်း ဆန်တစ်တင်းခွဲအိတ် ၉၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၂ ရက်မှ ဇွန် ၂၁ ရက်ထိ ဆန်တစ်တင်းခွဲအိတ် ၁၇၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ဒေသထွက်စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ ဇွန် ၂ ရက်ကနေ ဇွန် ၂၁ ရက်ထိ ဆန်အိတ်ရေ ၁၇၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က အရောင်းအဝယ်ကောင်းပြီး အဝယ်ကုန်များခဲ့လို့ အရောင်းသွက်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ရန်ကုန်ဘက်က ဝယ်လက်အသစ်တွေလဲ ထပ်မံတိုးလာပါတယ်။ ဆန်အိတ်တွေမှာ ကုန်များနေလို့ ရက်မကြာစေဖို့ ကားတွေနဲ့ အဓိကတင်ပို့နေပါတယ်” ဟု ဆန်နှင့်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုစုစံက ပြောပြသည်။

ပုသိမ်မြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ ရေကြည်ပေါ်ဆန်း၊ ဖျာပုံပေါ်ဆန်း၊ မနောသုခ၊ ထိုင်းဘေး ကျား၊ ရက် ၉၀၊ တောင်ပြန်၊ သီးထပ်ရင်၊ နံ့ကား၊ ရွှေသွယ်ရင်၊ ဧရာမင်း၊ ဆင်းသုခစသည့် ဆန်အမျိုးအစားများကို အများဆုံးတင်ပို့ ရောင်းချနေရကြောင်း သိရသည်။

ပုသိမ်မြို့တွင် ဇွန် ၂ ရက်မှ ယနေ့(ဇွန်-၂၂)ထိ ဆန်ပေါက်ဈေးများအနေဖြင့် ဖျာပုံပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၅၅၅၀၀၊ တောင်ပြန်တစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀၊ ထိုင်းဘေးကျားတစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၊ မနောသုခ တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၊ သီးထပ်ရင်တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၊ ရေကြည်ပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၊ ရက် ၉၀တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၊ နံ့ကား တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၊ ရွှေသွယ်ရင်တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၊ ဧရာမင်းတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၊ ဆင်းသုခတစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀ ပေါက်ဈေးရှိနေကြောင်း ပုသိမ်မြို့ရှိ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

**Source:** **ရတနာပုံသတင်းစာ**

## ပဲတီစိမ်းဈေး အနည်းငယ်မြင့်တက်လာ

မကွေးတိုင်းဒေသကြီးအတွင်းတွင် ပဲတီစိမ်း၊ မတ်ပဲနှင့်ပဲစဉ်းငုံသီးနှံတို့မှာ ပြည်ပဝယ်လိုအား ရှိတဲ့သီးနှံများဖြစ်သလို အရောင်းအဝယ်သွက်တဲ့သီးနှံများလည်းဖြစ်ပါတယ်။ ဈေးကွက်ထဲတွင် ပဲတီစိမ်းလက်ကျန် နည်းပါးနေချိန်၊ မိုးပဲတီစိမ်းများကလည်း ဩဂုတ်လဆန်းပိုင်းမှ လှိုင်လှိုင်ပေါ်မှာဖြစ်တာကြောင့် လက်ကျန်နည်းပြီး အရောင်းအဝယ်သွက်နေသဖြင့် ပဲတီစိမ်းဈေး အနည်းငယ်မြင့်တက်လာတာကို တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံအနေဖြင့် ယခင်တစ်ပတ်(၁၅.၆.၂၀၂၂)ရက်နေ့တွင် ပဲတီစိမ်း(၁၉)ပိဿာ(၁)တင်းလျှင် (၄၅၀၀၀)ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်(၂၂.၆.၂၀၂၂)ရက်နေ့တွင် (၄၇၀၀၀)ကျပ်ဈေးအထိ ဈေးမြင့်တက်ကာ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## စီးပွားရေးစနစ်တွင် ဒေါ်လာမပါဝင်သည့် စနစ်တစ်ခုဖော်ဆောင်နိုင်ရန် ဆွေးနွေးညှိနှိုင်းနေ

မြန်မာနိုင်ငံအနေဖြင့် ရုရှားငွေကြေးလွှဲပြောင်းရေး မက်ဆေ့ချ်ပေးပို့မှုစနစ်(SPFS)ကို ဝင်ရောက်လိုပြီး မြန်မာ့စီးပွားရေးစနစ်ကို အမေရိကန် ဒေါ်လာသုံးစရာမလိုသည့်စနစ်ဖြစ်အောင် ဆောင်ရွက်နိုင်ရန် ရုရှားဘဏ်များနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နေကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (MIFER)မှ သိရသည်။ ရုရှားဘဏ်များကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လည်ပတ်နိုင်စွမ်းမှ ကန့်သတ်တားဆီးရေးနှင့် အဆက်ဖြတ်ထားရန် အမေရိကန်၊ ဗြိတိန်၊ ကနေဒါနှင့်ဥရောပမဟာမိတ်များက တားမြစ်ခဲ့ကြပြီးနောက် ရုရှားက ၎င်းတို့ကိုယ်ပိုင်ငွေပေးချေမှုစနစ်တစ်ခုကို ဖန်တီးခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ရုရှားအစိုးရပိုင် ငွေပေးချေရေး မက်ဆေ့ချ်ပေးပို့မှုစနစ်သို့ ဝင်ရောက်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းမှုများပြုလုပ်နေခြင်းဖြစ်ပြီး၊ နိုင်ငံတကာ ငွေပေးချေမှုစနစ်ဖြစ်သည့် SWIFTငွေပေးချေရေးစနစ်ကို ရှောင်ရှားရန်အတွက်ဖြစ်ကြောင်းသိရသည်။ "SWIFT စနစ်ကို ဆက်လက်အသုံးပြုနေရင် စီးပွားရေးပြိုလဲသွားနိုင်တဲ့ အန္တရာယ်ရှိတာကြောင့် ပြည်တွင်းသုံး (ကျပ်ငွေ) ဒါမှမဟုတ် ရုရှားငွေ (ရူဘယ်လ်) ဒါမှမဟုတ် တရုတ်(ယွမ်ငွေ)ကို သုံးတဲ့ စနစ်လိုမျိုး ကန်ဒေါ်လာအသုံးမပြုတဲ့ စနစ်တွေကိုအာဆီယံနိုင်ငံတွေကလည်း ရွေးချယ်သင့်ပါတယ်" ဟု အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဇွန် ၁၈ ရက်တွင် မော်စကိုမြို့၌ကျင်းပသည့် စိန့်ပီတာစဘတ်ဂ် စီးပွားရေးဖိုရမ်တွင် ပြောကြားထားသည်။

ထို့အတူ မြန်မာနှင့်ရုရှားအပြင် အာဆီယံအဖွဲ့ဝင်များအနေဖြင့်လည်း အဆိုပါငွေပေးချေမှုစနစ်နှင့်ပတ်သက်၍ အရေးတကြီးဆွေးနွေးရန်လိုအပ်နေကြောင်း ဝန်ကြီးက အကြံပြုပြောကြားခဲ့သည်။

**Source:** http://sdtimedaily.com/

## အရောင်းအဝယ်သွက်နေတဲ့ ကြက်သွန်နီ

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကြက်သွန်နီစိုက်ပျိုးထွက်ရှိရာ ဒေသများတွင် ယခင်အပတ်များက ဈေးဆက်တိုက်တက်နေပြီး ယခုအဝင်များလာတဲ့အတွက် ဈေးအနည်းငယ်ကျဆင်းလာတာကိုတွေ့ရပါတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယနိုင်ငံတို့က အဝယ်လိုက်နေတာနဲ့အမျှ သယ်ယူခစရိတ်လည်း ကြီးမြင့်လာတာကြောင့် ကြက်သွန်နီဈေး တရိပ်ရိပ်တက်လာကာ ပခုက္ကူကြက်သွန်နီဈေးကတော့ (၁၅.၆.၂၀၂၂)ရက်နေ့တွင် (၁၇၅၀)ကျပ်ဈေးအထိ မြင့်တက်ခဲ့ပြီး (၂၂.၆.၂၀၂၂)ရက်နေ့တွင် တစ်ပိဿာလျှင်(၁၆၀၀)ကျပ်သို့ ဈေးကျလာကာ ဆိပ်ဖြူကြက်သွန်နီကတော့ (၁၅.၆.၂၀၂၂) ရက်နေ့တွင် (၁၅၂၅)ကျပ်အထိ ဈေးရရှိခဲ့သော်လည်း ယခုနောက်ပိုင်း (၂၂.၆.၂၀၂၂)ရက်နေ့တွင် (၁)ပိဿာလျှင်(၁၅၀၀)ကျပ်ဖြစ်သာ အရောင်းအဝယ်ဖြစ်နေတဲ့အတွက် ဈေးအနည်းငယ်ကျလာသော်လည်း အရောင်းအဝယ်ကတော့ သွက်နေဆဲဖြစ်တယ်လို့ ကုန်သည်များထံမှ သိရပါတယ်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာန

## STOCK EXCHANGE (23.6.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Jun. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 15 | 112,500 | 33,109,694 | 248,323 |
| MTSH | 00002 | 2,700 | +50 | +1.89% | 2,700 | 2,700 | 2,700 | 13 | 35,100 | 38,929,150 | 105,109 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 204 | 1,407,600 | 10,400,986 | 71,767 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 0 | 0 | 2,472,053 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 268 | 670,000 | 12,823,224 | 32,058 |
| EFR | 00006 | 2,600 | +50 | +1.96% | 2,500 | 2,600 | 2,500 | 804 | 2,010,400 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |


### Market summary

As of 23rd Jun. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 347.85 | +1.69 | +0.49% | 345.59 | 347.85 | 345.59 | 1,304 | 4,235,600 | 7 | 605,133 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 23rd Jun. 2022

| MYANPIX | 347.85 ▲ 1.69 |
|---|---|
| Total Volume (shares) | 1,304 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 605,133 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 0 |
| MTSH | 00002 | 2,700 | ▲ 50 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR